## ဆေးလည်းအစာ အစာလည်းဆေး ဓါတ်စာပေးကုသနည်း

## လေ့လာတင်ပြချက်

သန်းမြင့်ထွန်း(လှည်းကူး)

မိမိ၏စာတမ်းတွင် ဗဟုသုတအဖြာဖြာတို့နှင့် အခါ - နာရီ- ရာသီ-စန်းယှဉ် ဆက်စပ်သိမြင်စေပြီး၊ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်၍၊ ဆေးလည်းအစာ - အစာလည်းဆေး၊ သင့်ရာပေးက၊ ပျောက်ရေးရောဂါ မခက်ပါ ဟူသော စကားနှင့်ညီလျက် ဓါတ်စာအဖြစ် ကျွေးမွေးကုသပြုစုစောင့်ရှောက်မှုပေးရာ၌ နယကြီးလေးပါးကို ပေါင်းကူးတံတားအသွင် ရောနှော စပ်ယှဉ်စေလျက် မြန်မာနိုင်ငံအတွင်း ဒေသပေါက်ဆေးပင်များကို အများပြည်သူများ အသုံးချစေရန်နှင့် မြန်မာတိုင်းရင်းဆေးပညာ ပိုမို မြင့်မားတိုးတက်စေရန် ဦးတည်ပါသည်။

ဆေးလည်းအစာ- အစာလည်းဆေးဟူသော ဆောင်ပုဒ်အတိုင်း ဝေဒနာရှင်များအား အစာကို ဆေးဝါးအဖြစ် တိုက်ကျွေးကုသခဲ့ရာ သက်သာ ပျောက်ကင်းမှု တွေ့ရှိချက် အခြေအနေများကို စာတွေ့ လက်တွေ့ သုတေသနပြု တင်ပြခြင်းဖြစ်ပါသည်။